မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

October 9 , 2025 — Volume 95, Number 5


၉. ၁၀.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၇၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၄.၄၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၈၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၆၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၄ ကျပ် |


## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာလုပ်ငန်းရှင်များစိတ်ဝင်စားသည့် ကွမ်တုန်းကုန်စည်ပြပွဲကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ကျင်းပမည်



မြန်မာစီးပွားရေးလုပ်ငန်းရှင်များစိတ်ဝင်စားသည့် ကွမ်တုန်းကုန်စည်ပြပွဲကြီးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်တုန်းပြည်နယ်၊ ကွမ်ကျိုးမြို့တွင် အောက်တိုဘာလ ၁၅ ရက်မှာ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရပါတယ်။

၁၃၈ ကြိမ်မြောက် တရုတ်နိုင်ငံ၏ သွင်းကုန်နှင့်ပို့ကုန်ဆိုင်ရာကုန်စည်ပြပွဲ (138th Canton Fair)ကို ကွမ်ကျိုးမြို့တွင် အောက်တိုဘာလ ၁၅ ရက်မှ နိုဝင်ဘာလ ၄ ရက် အထိ ကျင်းပပြုလုပ်မည်ဖြစ်ကာ ပြပွဲတက်ရောက်လိုသည့် မြန်မာလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း သိရပါတယ်။

တရုတ်နိုင်ငံရဲ့ အကြီးဆုံးကုန်စည်ပြပွဲကြီးသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နှစ်စဉ်တက်ရောက်လေ့ရှိကြောင်းလည်း သိရပါတယ်။

ယခုနှစ် ကုန်စည်ပြပွဲအား အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပသွားမှာဖြစ်ပြီး အပိုင်း(၁)ကို အောက်တိုဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ၊ အပိုင်း (၂) ကို အောက်တိုဘာလ ၂၃ ရက်မှ ၂၇ ရက်အထိနှင့် အပိုင်း(၃)ကို အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၄ ရက်အထိ ကျင်းပသွားမှာဖြစ်ကြောင်း သိရပါတယ်။

ပြပွဲတွင် အီလက်ထရွန်းနစ် အိမ်သုံးပစ္စည်းများ၊ မော်တော်ယာဉ်များနှင့် အပိုပစ္စည်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စမတ်နည်းပညာများ၊ စက်ယန္တရားများ၊ အထည်အလိပ်နှင့်အဝတ်အစားများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ အိမ်သုံးကြွေထည်ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာကိရိယာများ၊ စာရေးကိရိယာများ၊ စားသောက်

ကုန်များအပါအဝင် ကုန်ပစ္စည်းအမျိုးပေါင်းများစွာ ပါဝင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါ ကုန်စည်ပြပွဲကို ၁၉၅၇ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ကာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်း ပြည်နယ်၏မြို့တော် ကွမ်ကျိုး၌ နှစ်စဉ်နွေဦးနှင့် ဆောင်းဦးကာလတိုင်း ကျင်းပလေ့ရှိကြောင်း သိရပါ တယ်။

**Source :** https://opinionleadersmedia.com/

## ဆီအုန်းအထွက်တိုးရေး အဖြေရှာမည်




ပြည်တွင်းမှာ ဆီအုန်းသီးနှံအထွက်နှုန်းတိုးအောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ဖိုရမ်တွေကျင်းပပြီး အဖြေရှာဆောင်ရွက်ဖို့ စီစဉ်ထားတယ်လို့ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆီစားသုံးမှုများပြားပြီး ပြည်တွင်းထုတ်လုပ်မှုနဲ့ မလုံလောက်လို့ ပြည်ပကနေ တစ်နှစ်ကို စားသုံးဆီ တန်ချိန် ၆ သိန်းကျော်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ဖိုးလောက်တင်သွင်းနေရတယ်လို့ ဆိုပါတယ်။

ပြည်တွင်းမှာ စားအုံးဆီထုတ်လုပ်နိုင်ဖို့က မျိုးကောင်းမျိုးသန့်နဲ့ လုပ်သားရှားပါးမှုအခြေအနေတွေ ရှိသလို ဆီအုန်းသီးနှံထွက်ရှိမှုကလည်း နည်းနေသေးတယ်လို့ ဥက္ကဋ္ဌ ဦးဆန်းလင်းက ပြောပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာ ဆီအုန်းစိုက်ခင်းတွေ ပိုမိုအောင်မြင်ပြီး အထွက်နှုန်းတိုးအောင် ကြိုးပမ်းဆောင်ရွက်နေသလို ပြည်တွင်းစားသုံးဆီဖူလုံဖို့အတွက်လည်း မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံတွေ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရေး အဓိကထားဆောင်ရွက်နေပါတယ်။

ပြည်တွင်းက ကြိတ်ခွဲထုတ်လုပ်တဲ့ စားသုံးဆီ ဖူလုံလာတာနဲ့အမျှ ပြည်ပကနေ စားအုန်းဆီတင်သွင်းတာကိုလျှော့ချသွားရမှာဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ ဆီအုန်းကို စမ်းသပ်စိုက်ပျိုးပေမဲ့လည်း အီကွေတာနဲ့ နီးစပ်တဲ့ တနင်္သာရီတိုင်းဒေသကြီးမှာသာ စိုက်ပျိုးဖြစ်ထွန်းပြီး ဆီအုန်းစိုက်ဧက ၄ သိန်းကျော် စိုက်ပျိုးထားတယ်လို့ မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရဲ့ စာရင်းတွေအရ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အုန်း၊ ငှက်ပျောဈေးကွက်အတွင်း ကုန်အဝင်များနေသော်လည်း ဈေးမြင့်နေ



ရန်ကုန်မြို့ရှိ အုန်း၊ ငှက်ပျောဈေးကွက်အတွင်းသို့ ယခုရက်ပိုင်းအတွင်းကုန်အဝင်များလာသော်လည်း ဈေးနှုန်းများမြင့်မားနေကြောင်း ရန်ကုန်မြို့၊ ဗားကရာကုန်စည်ဒိုင်ရှိ အုန်း၊ငှက်ပျောပွဲရုံများမှသိရသည်။

“ပုံမှန်သီတင်းကျွတ်ပွဲတော်ကာလမှာ ဝယ်လိုအားတိုးတက်တော့ အဝင်များနေတဲ့အနေအထားမျိုးပါ၊ဈေးကတော့သိတဲ့အတိုင်းပဲလေ၊သယ်ယူစရိတ်ကအတက်ပဲရှိနေတာမဟုတ်လား”ဟု အုန်း၊ ငှက်ပျောပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် မြစ်ဝကျွန်းပေါ်ဒေသများမှအုန်းသီးများနှင့်ငှက်ပျောသီးများအများဆုံးဝင်ရောက်နေပြီး ကုန်းရေလမ်း နှစ်သွယ်မှ ဝင်ရောက်မှုရှိသော်လည်း ရေလမ်းမှ ဝင်ရောက်မှုများကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ငှက်ပျောသီးအချို့ ဝင်ရောက်ခြင်းများရှိကြောင်း သိရသည်။

“ပွဲတော်ကာလမို့ ဝင်တာများပြီး ဈေးကမြင့်နေတဲ့အနေအထားပါ” ဟု အုန်း၊ငှက်ပျောများကို လက်လီရောင်းချနေသူ တစ်ဦးက ပြောသည်။

ပြီးခဲ့သောအပတ်က အုန်း၊ ငှက်ပျောပွဲရုံများသို့ အုန်းသီးအလုံးရေ ၁၀,၀၀၀ ဝန်းကျင်နှင့် ငှက်ပျောအခိုင် ပေါင်း ၈၀၀၀ ကျော် ရေလမ်းမှဝင်ရောက်ခဲ့သော်လည်း ယခုအပတ်တွင် ယင်းထက် နှစ်ဆဝန်းကျင်လောက်အထိ အများအပြားဝင်ရောက်လျက် ရှိသည်။

ဈေးနှုန်းများအနေဖြင့်လည်း ဆွဲအုန်းမှာ အရွယ်အစားပေါ်မူတည်၍ ဒိုင်ဈေးအနိမ့်ဆုံး ကျပ် ၅၅၀၀ အထက်ရှိနေပြီး အခွံ ချွတ်အုန်းမှာ ၃၅၀၀ အထက်တွင်ရှိနေကြောင်း၊ ငှက်ပျောများမှာလည်း ငှက်ပျောအမျိုးအစားနှင့် အဖီးအရွယ်အစားပေါ် မူတည် ၍ ဒိုင်ဈေးတွင် ၄၀၀၀ ကျပ်မှ ၈၀၀၀ ကျပ်အထိ အသီးသီးရှိနေကြောင်း သိရသည်။

**Source :** https://www.npnewsmm.com/

## မုံရွာမြို့နယ်ရှိ ကီလိုမာလကာသီး စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်း၊ ဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ကျေးရွာများ၌ သီးနှံ မျိုးစုံ စိုက်ပျိုးလျက်ရှိပြီး မြေအမျိုးအစားမရွေး ဖြစ်ထွန်းအောင် မြင်ပြီးစိုက်ပျိုးရန်လွယ်ကူသော နှစ်ရှည်ပင် သီးနှံတစ်မျိုးဖြစ် သည့် ကီလိုမာလကာသီးကို ဘုမ္မနိုးကျေးရွာတွင် စီးပွားဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

၎င်းကီလိုမာလကာမျိုးအနေဖြင့် ၇-၈ လသားအရွယ်ရှိ ကိုင်းကူး ပျိုးပင်ကြီးတစ်ပင်လျှင် ၂၀၀၀ ကျပ်၊ အသေးတစ်ပင်လျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ပေးဝယ်ရပြီး အစိုဓာတ် ကောင်းမွန်စွာရရှိသည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ခြားတန်း ခြား ၈ ပေ အကွာဖြင့် စိုက်ကေ တစ်ဧကလျှင် ကီလိုမာလကာပင် ၃၅၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျ စရိတ်အနေ ဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သိန်း ၅၀ ခန့် ကုန်ကျကြောင်း၊ ကီလိုမာလကာပင် စိုက်ပျိုးပြီး အသီးကင်းချိန်တွင် အားဆေး၊ ပိုးသတ်ဆေး ၂ ကြိမ်ဖျန်းပေးရကြောင်း၊ အသီးများ ပေသီး အရွယ် အစားခန့်ရှိပါက စက္ကူအကြည်အိတ်ဆွပ်ပေးရကြောင်း၊ အပင်ငယ်ချိန်တွင် တစ်လလျှင် ရေ(၂)ကြိမ်၊ ဆောင်းရာသီတွင် (၁) ကြိမ်၊ နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကို ပြုစုပေးပါက တစ်နှစ်သား အရွယ်ခန့်တွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီး ကီလို မာလကာသီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှု အပေါ် မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်အတွက်ပျမ်းမျှအလုံးရေ ၁၅၀-၂၀၀ ခန့် ထွက်ရှိရာ တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၄၈,၀၀၀ မှ ၅၀,၀၀၀ လုံး ထွက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ကီလိုမာလကာ တစ်ဧကအတွက် တစ်နှစ် လျှင်ငွေကျပ် ၇၀မှ ၁၀၀သိန်းခန့်ရရှိကြောင်း၊ဈေးနှုန်းအနေဖြင့် စက်တင်ဘာလတတိယပတ်တွင် ကီလိုမာလကာသီး လက်ကား ဈေးတစ်လုံးလျှင် ငွေကျပ် ၃၅၀-၃၈၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် စိုက်ခင်းသို့ ပွဲစားများမှ ဖောက်သည်လာယူခြင်းအပြင် မုံရွာသစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source : DOCA**(စစ်ကိုင်း)

https://www.doca.gov.mm/

## ရန်ကုန်အိမ်ခြံမြေဈေးကွက် ပုံမှန်အနေအထားတွင်ရှိနေ



ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်အငှားနဲ့ အရောင်းဈေးကွက်မှာ ပုံမှန်အနေအထားမှာရှိတယ်လို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်က ပြောပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေက အိမ်ခြံမြေဈေးကွက်အပေါ် ထူးထူးခြားခြားသက်ရောက်တာမရှိဘူးလို့ လည်း ဆိုပါတယ်။

အိမ်ခြံမြေဝယ်ပြီးသူတွေအနေနဲ့ နာမည်ပြောင်းလျှောက်ထားရာမှာ ကိုယ်စားလှယ်လွှဲစာနဲ့ ဆောင်ရွက်ခွင့်ရမယ်ဆိုရင် နိုင်ငံတော်က အခွန်အခတွေ ပိုမိုရရှိလာနိုင်သလို အိမ်ခြံမြေဝန်ဆောင်မှုလုပ်ကိုင်သူတွေနဲ့ ဝယ်ယူသူတွေအနေနဲ့လည်း ပိုမိုကောင်းမွန်လာမှာ ဖြစ်တယ်လို့ ၎င်းက ပြောပါတယ်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)က ဦးဆောင်ပြီးတော့ အခြားအိမ်ခြံမြေအသင်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဥပဒေပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ရေးဆွဲထားတဲ့ အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေသစ် ပေါ်ထွက်လာဖို့အတွက်လည်းအားလုံး ကြိုးစားဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

လာမဲ့၂၀၂၆ ခုနှစ်မှာတော့ အာရှ-ပစိဖိတ် အိမ်ခြံမြေပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမှာဖြစ်တယ်လို့လည်း ဒေါ်မို့မို့အောင်က ပြောပါတယ်။

**Source :** https://onenewstvchannel.com/

## ထုတ်လုပ်မှုနှင့်တင်ပို့မှု ကွာဟချက်အရ မလေးရှား၏ စားအုန်းဆီလက်ကျန် ကျဆင်းဖွယ်ရှိ




ရာသီအလိုက် စားအုန်းဆီထုတ်လုပ်မှု နှေးကွေးကျဆင်းခြင်းသည် ပွဲတော်ရာသီကာလ ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် တင်ပို့မှုများ မြင့်တက်လာချိန်နှင့် တိုက်ဆိုင်နေမှုအရ မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်များသည် လာမည့်လများအတွင်း ကျဆင်းလျက် နှစ်ကုန်ဆုံးချိန်၌ လက်ကျန် တန်ချိန် ၁ ဒသမ ၇ သန်း ဝန်းကျင်ခန့်ရှိမည်ဟု စားအုန်းဆီ ကြီးကြပ်မှုအာဏာပိုင်က ပြောကြားခဲ့ကြောင်း The Edge Malaysia သတင်းဌာနက စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှား၏နောက်၌ ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီထုတ်လုပ်သည့် မလေးရှားနိုင်ငံတွင် ဆီလက်ကျန်ပမာဏများ ကျဆင်းဖွယ်ရှိခြင်းက မကြာသေးမီကာလအတွင်း ပြိုင်ဘက် ပဲပုပ်ဆီများ၏ ဈေးနှုန်းသက်သာဖြင့် ပေးသွင်းနိုင်မှုကြောင့် ဖိအားများအောက်၌ ရှိနေခဲ့သော စားအုန်းဆီ၏ စံပြုကြိုတင်ဈေးနှုန်းများကို ခိုင်မာအောင် ပံ့ပိုးပေးနိုင်ခြေရှိသည်။

စားအုန်းဆီ ထုတ်လုပ်မှုသည် တစ်ဖြည်းဖြည်းကျဆင်းလျက်ရှိပြီး ပွဲတော်ရာသီ ဝယ်လိုအားကြောင့် လာမည့်လများတွင် တင်ပို့မှုတိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) မှ ညွှန်ကြားရေးမှူးချုပ် Mr. Ahmad Parveez Ghulam Kadir က စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှား၏ စားအုန်းဆီ ထုတ်လုပ်မှုသည် ပုံမှန်အားဖြင့် စက်တင်ဘာလ၌ အားကောင်းပြီးနောက် နှစ်ကုန်ဆုံးချိန်တိုင်အောင် တစ်ဖြည်းဖြည်း ကျဆင်းသွားလေ့ရှိသည်။

စားအုန်းဆီ လပိတ် လက်ကျန်ပမာဏသည် ဩဂုတ်လတွင် ၄ ဒသမ ၁၈ ရာခိုင်နှုန်း မြင့်တက်လျက် တန်ချိန် ၂ ဒသမ၂ သန်းအထိရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံးလက်ကျန်ပမာဏဖြစ်ကြောင်း MPOB ၏ အချက်အလက်များအရ သိရသည်။

မကြာသေးမီ ရက်များအတွင်း၌ ပဲပုပ်ဆီဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့ရာ စားအုန်းဆီကို ဈေးနှုန်းပိုမိုမြင့်မားမှုဖြစ်စေပြီး ဖိအားများအောက်တွင် ရောက်ရှိနေစေခဲ့သည်။ ယင်းအခြေအနေက စားအုန်းဆီ ထိပ်တန်းဝယ်ယူတင်သွင်းသည့် အိန္ဒိယနိုင်ငံအနေဖြင့် ရှေ့လာမည့်လများအတွက် ပဲပုပ်ဆီတိုးမြှင့်ဝယ်ယူမှုကို တွန်းအားပေးခဲ့သည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီရောင်းလိုအားသည် မသေချာမရေရာသည့် အခြေအနေများရှိနေခြင်းကြောင့် စားအုန်းဆီဈေးနှုန်းသည် လာမည့်လများတွင် ဆက်လက်တည်ငြိမ်နိုင်ဖွယ်ရှိသည်ဟု Mr. Kadir က ပြောကြားသည်။

စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုမည့် ဇီဝဒီဇယ်အစီအစဉ် (B50) အား အကောင်အထည်ဖော်မှုနှင့် ဆီအုန်းစိုက်ခင်းများကိုအစိုးရကသိမ်းယူခြင်းတို့သည် အင်ဒိုနီးရှား၏စားအုန်းဆီတင်ပို့မှုအပေါ် ထိခိုက်မှုရှိနိုင်သည်ဟု ၎င်းကပြောသည်။

အင်ဒိုနီးရှားအစိုးရသည် လက်ရှိကာလ၌ ဇီဝဒီဇယ်ထုတ်လုပ်မှုတွင် စားအုန်းဆီ ၄၀ ရာခိုင်နှုန်း ပါဝင်ရောစပ်သုံးစွဲရန် ပြဋ္ဌာန်းထားပြီး လာမည့်နှစ်မှစတင်၍ ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင်ဆောင်ရွက်ရန် စီစဉ်နေသည်။

ထို့ပြင် ဆီအုန်းစိုက်ခင်း ၆၇၄,၁၇၈ ဟက်တာ (ဧက ၁ ဒသမ၇ သန်း) ကို နိုင်ငံပိုင် ဆီအုန်းလုပ်ငန်းကုမ္ပဏီဖြစ်သော Agrinas Palma Nusantara ထံ ယခုလ အစောပိုင်း ၌ လွှဲပြောင်းပေးအပ်ခဲ့ရာ ၎င်းထံသို့ လုပ်ကိုင်ခွင့်ပေးအပ်ခဲ့သော ဧရိယာစုစုပေါင်းမှာ ဟက်တာ ၁ ဒသမ ၅ သန်း (ဧက ၃ ဒသမ ၇ သန်း) ရှိပြီကြောင်း သိရသည်။

မလေးရှားတွင် ဆီအုန်းပင် ပြန်လည်စိုက်ပျိုးခြင်းသည် နှေးကွေးလျက်ရှိရာ အဆိုပါကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် ယခုနှစ်၌ ရင်းဂစ် သန်း ၁၀၀ ခွဲဝေသုံးစွဲရာမှ ၂၀၂၆ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ရင်းဂစ် ၂၈၀ သန်းအထိ တိုးမြှင့်ခွဲဝေသုံးစွဲရန် MPOB ကတိုက်တွန်းထားသည်ဟု Mr. Kadir ကပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။

**Source: The Edge Malaysia, 29th Sep 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## အီသနောထုတ်ရန် ပြောင်းများ အမေရိကန်ထံမှ အိန္ဒိယဝယ်ယူဖွယ်ရှိ



အိန္ဒိယနိုင်ငံ အနေဖြင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ရရှိနိုင်ရန်အတွက် စေ့စပ်ကမ်းလှမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် အမေရိကန်ထံမှ စွမ်းအင်ထုတ်ကုန်များ အမြောက်အမြားဝယ်ယူခြင်းအပြင် အီသနောထုတ်လုပ်ရာ၌ အသုံးပြုရန် ပြောင်းများကိုလည်း ဝယ်ယူဖွယ်ရှိကြောင်း Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ရုရှားရေနံများဝယ်ယူနေခြင်းသည် ယူကရိန်းနှင့်ဖြစ်ပွားလျက်ရှိသော စစ်ပွဲအတွက် အကူအညီပေးအပ်ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံက ပြောဆိုလျက် ပြစ်ဒဏ်အဖြစ် သွင်းကုန်အခွန် ၂၅ ရာခိုင်နှုန်း ချမှတ်ခြင်းကို ဖယ်ရှားပေးရန် အိန္ဒိယဘက်မှ တောင်းဆိုထားသည်။

အမေရိကန်နှင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းရာတွင် ကမ်းလှမ်းချက်အသစ် ပြုလုပ်ခဲ့ကြောင်း၊ အီသနောလောင်စာ ထုတ်လုပ်ရာ၌ အသုံးပြုရန် အမေရိကန်ပြောင်းများကို ဝယ်ယူရေးဆွေးနွေးလျက်ရှိကြောင်းဖြင့် အိန္ဒိယအစိုးရအရာရှိတစ်ဦးက ပြောဆိုခဲ့သည်။

မျိုးဗီဇပြုပြင်ထားသည့် သီးနှံများနှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်ပေါ်မှုအကြောင်းပြချက်ဖြင့် အိန္ဒိယဘက်မှ ငြင်းဆိုထားသော်လည်း ၎င်း၏ ပဲပုပ်စေ့နှင့် ပြောင်းများကို ဝယ်ယူရန် အမေရိကန်က အိန္ဒိယသို့ တွန်းအားပေး နေချိန်၌ ထိုကဲ့သို့ ကမ်းလှမ်းလုပ်ဆောင်ခြင်းသည် အရေးပါမှုရှိသည်ဟု ယူဆရသည်။

သို့ရာတွင် လယ်သမားများကို အကာအကွယ်ပေးရန် သို့မဟုတ် မျိုးဗီဇပြုပြင်ထားသော ထုတ်ကုန်များ စားနပ်ရိက္ခာကွင်းဆက်တွင် ပါဝင်လာခြင်းကိုဟန့်တားရန်အတွက်အိန္ဒိယအစိုးရသည် လယ်ယာကဏ္ဍ၌ ဈေးကွက်ဝင်ရောက်ခွင့်နှင့် စပ်လျဉ်း၍ အလျှော့ပေးခြင်းမပြုမည့် မူဘောင် ကို ကိုင်စွဲထားသည်။

ညှိနှိုင်းဆွေးနွေးမှုများကို လုပ်ဆောင်ဆဲဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် သတ်မှတ်ထားသည့် နောက်ဆုံးနေ့ရက်မတိုင်မီ သဘောတူညီမှုရရှိရန် ကြိုးပမ်းနေကြောင်း၊ သို့သော် မည်သည့်နေ့ရက်၊ မည်သည့်နေရာတွင် နောက်တစ်ကြိမ် ဆွေးနွေးပွဲကျင်းပမည်ဆိုသည့်အချက်ကို မသတ်မှတ်ရသေးကြောင်း၊ ဆွေးနွေးမှုများကို အသုတ်လိုက်ပြုလုပ်မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် စတင်ထားခဲ့သည့်လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်းဖြင့် အခြားအိန္ဒိယအရာရှိ တစ်ဦးကလည်း ပြောကြားခဲ့သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း အမေရိကန် ကုန်သွယ်ရေးဝန်ကြီး Jamieson Greer နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Sergio Gor တို့နှင့် တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များသည် သဘောတူညီချက်ရရှိရန် ဖြစ်တန်ခြေရှိသော ကောက်ကြောင်းများအပေါ် ဆွေးနွေးခဲ့ကြပြီး ကုန်သွယ်မှုသဘောတူညီချက်တစ်ရပ်ကို ဆောလျင်စွာချမှတ်နိုင်ရေး ဆက်လက်တွေ့ဆုံမှုများ လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်ဟု အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန က စက်တင်ဘာ ၂၄ ရက်နေ့၌ ထုတ်ဖော်ပြောကြားထားသည်။

ထိုကဲ့သို့ လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးပွဲသည် ဩဂုတ် ၂၇ ရက်နေ့၌ အမေရိကန်ဘက်မှ ပြစ်ဒဏ်အဖြစ် အခွန် ၂၅ ရာခိုင်နှုန်း ထပ်ဆောင်း၍ အိန္ဒိယမှတင်ပို့သည့် ကုန်စည်များအပေါ် သွင်းကုန်အခွန်ကို ၅၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့ချိန်နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်ကိုယ်စားလှယ်များသည် နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေး ညှိနှိုင်းလျက်ရှိပြီး ၎င်း၏ ပထမအပိုင်းကို ဆောင်းဦးရာသီကာလတွင် အပြီးသတ်နိုင်ရန် ရည်မှန်းထားသည်။

လက်ရှိအချိန်အထိ ဆွေးနွေးပွဲပေါင်း ငါးကြိမ် ပြုလုပ်ထားရှိခဲ့ပြီး ဩဂုတ် ၂၅ မှ ၂၉ ရက်အတွင်း ကျင်းပရန်စီစဉ်ထားခဲ့သော ဆဋ္ဌမအကျော့ ဆွေးနွေးပွဲကို ရက်ရွှေ့ဆိုင်းထားခြင်းဖြစ်ကြောင်း သိရသည်။

**Source: Economic Times, 27 Sept 2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (9.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,337 (Shares) | 33,156,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +100 | +1.27% | 7,900 | 8,000 | 7,900 | 2,363 | 18,824,900 | 33,109,694 | 264,878 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 1,320 | 4,488,000 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 3 | 23,700 | 10,400,986 | 82,168 |
| FPB | 00004 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 40 | 104,000 | 29,664,613 | 77,128 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 550 | 1,512,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,900 | 2,000 | 1,850 | 3,873 | 7,578,700 | 19,977,223 | 39,955 |
| AMATA | 00007 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 158 | 521,900 | 10,497,598 | 35,167 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,400 | 3,450 | 3,400 | 30 | 102,500 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.12 | +2.91 | +0.74% | 394.21 | 397.12 | 393.15 | 8,337 | 33,156,200 | 8 | 749,046 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 9th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 8,377 (Shares) | 33,267,200 (MMK) |

## Main Board

As of 1:00 p.m. 9th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,337 (Shares) | 33,156,200 (MMK) |

| MYANPIX | 397.12 ▲ 2.91 |
|---|---|
| Total Volume (shares) | 8,337 |
| Total Value (MMK) | 33 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,046 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 100 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 2,600 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 3,350 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 50 |